**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၇၀ ရက်မြောက်နေ့ အစီအစဉ်**

**[ ၂၉–၆–၂၀၁၅ ] ( တနင်္လာနေ့ )**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးကြည်သာ၊ ဂ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရှိ THE BURMA COMPANIES ACT ၁၉၁၄ ခုနှစ်နှင့် ၁၉၅၀ ပြည့်နှစ် အထူးအက်ဥပဒေများသည် လီမိတက်ကုမ္ပဏီများအတွက် အဓိကပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်ရာ ယခုနိုင်ငံတော်မှ မှတ်ပုံတင်ခွင့်ပြုထားသော အများပိုင်ကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် ဟိုးလ်ဒိန်းများကို မည်သည့် ဥပဒေနှင့် ထိန်းသိမ်းကွပ်ကဲမှု ပြုလုပ်နေသည်နှင့် ယင်းကဲ့သို့ ကုမ္ပဏီများ အရေအတွက် မည်မျှရှိသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်၏ **ခန္တီးမြို့နယ်၊ ချင်းတွင်းမြစ်ကမ်းဘေး ကျောက်စိမ်းလုပ်ကွက်များတွင် မည်သည့် ကုမ္ပဏီများမှ လုပ်ကိုင် ခဲ့သည်၊ လုပ်ကွက်တစ်ခုချင်းမှ ကျောက်စိမ်းမည်မျှစီ ရသည်ကို ရာပြတ်အဖွဲ့၏ မှတ်တမ်းနှင့်တကွ သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဦးတီခွန်မြတ်၊ ကွတ်ခိုင် မဲဆန္ဒနယ်က တင်သွင်းသော **“ ဥပဒေဆိုင်ရာ အထောက် အကူပေးရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယ အကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၇၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။